**ဂျပန်နိုင်ငံတွင် ငလျင်ကြီးနှင့် စုနာမီ ဝင်ရောက်ခဲခြင်းကြောင့် လျှပ်စစ်ဓာတ်အားပေးစက် ပေါက်ကွဲမှုများဖြစ်ပေါ်နေရာ အန္တရာယ်များရှိနေသည့် အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ၏ အဖွဲ့ချုပ်အဝင် များနှင့်မြန်မာနိုင်ငံသူနိုင်ငံသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။**

၂၀၁၁-၃-၁၅ခုနှစ်

၁၁ နာရီ ၂၀ မိနစ် NAOHITO KAN ဝန်ကြီးချုပ်၏ ပြောဆိုချက်အရ အမှတ်(၁-၃)ပေါက်ကွဲမှု အမှတ်(၄) မီးလောင်းမှုကြောင့် နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက် ပေါက်ကွဲမှုများကြောင့် အန္တရာယ်ဖြစ်နိုင်သောဓာတ်ငွေ့ များ ပြန့် နှံ့နေသောကြောင့် ဂျပန် ပြည်သူများအား ၂၀ မှ ၃၀ ကီလိုအတွင်းနေထိုင်သော ပြည်သူများ အပြင်မထွက်ကြဖို့ နဲ့ အိမ်အတွင်းမှာနေကြဖို့ ပြောကြားသွားပါသည်။ ETANO ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်အရ နျူကလီးယား ဓာတ်အားပေးစက် အမှတ်(၁-၂-၃-၄) အအေးခံရေသိုလောင်သည့်အခန်းများရပ်တန့် သောကြောင့် အပူများပြီး ပေါက်ကွဲသည်ဟု ကြေညာပြောကြားခဲ့သည်။ ငလျင်ဒဏ်ကြောင့် စက်တချို့၏ချို့ ယွင်းနေမှု ကြောင့် တိကျသော ဒယ်တာ ကိုမရရှိဘဲ တခြားလည်ပတ်လျက်ရှိသော စက်များ၏ ဒယ်တာ ကိုခန့် မှန်းတွက် ချက်ပြောဆိုနေကြရသည်။ ပြန့် လွင့်နေသော နျူကလီးယား ဓာတ်ငွေ့ သည် လူသားများအတွက် အန္တရာယ်ရှိနိုင်ကြောင်း ပြောကြားသွားသည်။

လျှပ်စစ်ဓာတ်အား ဖြတ်တောက်ရန်လည်း ကြေညာထားအတွက် ဖြတ်တောက်မှုရှိနေကြောင်း လိုအပ်သောမြို့ နယ်၊ဒေသများကို ဖြတ်တောက်မည်ဖြစ်ကြောင်း ဖြတ်တော်မည့်အချိန်နှင့်နေရာများကိုကြေညာ ပြောကြားသွားသည်။ လျှပ်စစ်ဓာတ်အားကိုချွေတာသုံးကြဖို့ တိုကျိုလျှပ်စစ်ဓာတ်အားပေးဌာနမှ ကြေညာထားပါသည်။

မြန်မာနိုင်ငံသားများအားလုံးသတိဝရိရန်နှင့်နေထိုင်ကြပါရန်နှိုးဆော်အပ်ပါသည်။


အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ
စာပေနှင့်သုသေသနရေးရာ
မြသိန်း